# မိုးညှင်းမြို့နယ်အခြေပြမြေပုံ

ကချင်ပြည်နယ်
မိုးညှင်းခရိုင်
မိုးညှင်းမြို့




## ရည်ညွှန်းချက်

| | |
|---|---|
| မြို့နယ်နယ်နိမိတ် | |
| ကျေးရွာနယ်နိမိတ် | |
| ကားလမ်း/ရထားလမ်း | |
| ချောင်း/အိုင် | |
| မြို့/ရပ်ကွက်/ကျေးရွာအုပ်စု | |

| ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | မှတ်ချက် |
|---|---|---|---|
| ၂၂ | ၃၈ | ၁၂၄ | |

# မိုးညှင်းမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ
## အခန်း(၁)
## နိဒါန်းနှင့်ဒေသသမိုင်း

**နိဒါန်း**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည် ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးနှင့်ပြည်သူ ဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန်(၄)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့် သောအရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှအောက်ခြေ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအသီးသီး တွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့ စွာ လည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့် ဒေသန္တရ အစိုးရအဖွဲ့မှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာ အချက်အလက်များ ပြုစုခြင်း ဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြု သကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏ အချက်အလက်

များကိုလွယ်ကူစွာသိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် မိုးညှင်းမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ ( ၂၀၂၂ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လကုန်ထိအခြေအနေ)ကို သက်ဆိုင်ရာဌာန အသီးသီးမှ ပေးပို့သောကိန်းဂဏန်းများနှင့်အညီ ပြုစု တင်ပြထားခြင်း ဖြစ် ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ မိုးညှင်းမြို့နယ်သည် ရှေးဟောင်းသမိုင်းဝင်နယ်မြေတစ်ခုဖြစ်ပါသည်။ သာသနာသက္ကရာဇ်(၁၁၉)ခုနှစ်၊ရာဇဂြိုလ်ပြည့်ရှင်နာဂရေမင်း၏သားတော် ဥပတိဿမင်းသားသည် ကောက်ကွေ့ချောင်းပေါက်ဝ၌ ကျခတ်မြို့ (ယခု ထင်းခါးဆိပ်)ကိုတည်ထောင်ပြီး မင်းပြုကာနေလေသည်။ ယင်းမင်းကား သရေခေတ္တရာပြည် ဒွတ္တဘောင်မင်း၏ လက်အောက်ခံအဖြစ် အခွန်ပဏ္ဏာဆက်သရသည်။ ရှေးသူတော်ဟောင်းတို့သည် **မိုးညှင်းအစ ကျခတ်က**ဟု ဆိုစမှတ်ပြုကြသည်။ ဘိန္နကမင်းသား၏ ညီတော် အလိန္ဒနမင်းသည် နောက်ပါ အခြံအရံများနှင့် အရှေ့ဖက် မောရှမ်းတို့ကို စည်းရုံးလျက် လုပယဉ်ကျေးသော မောရှမ်းအမျိုးသမီး နန်းစောမွန်နှင့် စုံမက်ပြီးလျှင် (ဝိန်းဟိုဟူ) မြို့ကိုတည်ထောင်စိုးစံတော်မူသည်။ ၎င်းတို့မှစောခွန် လိပ်နှင့် စောခွန်ခမ်းတို့ (၁၆)နှစ်ပြည့်သော် ခွန်တောင်ရွာမင်း လက်ထက် ယူနန်ရှမ်းတရုတ်ပြည်မှ တာလီလူမျိုးတို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက် သောကြောင့် အချို့သော မောရှမ်းတို့သည် ဧရာဝတီမြစ် အနောက်သို့ ကူးလာပြီး ကျခတ်မြို့ ဥပတိဿမင်းထံ ခိုလှုံကြလေသည်။

ဥပတိဿမင်းသည် မောရှမ်းတို့ကို မင်းကျင့်တရား(၁၀)ပါးနှင့် အညီအုပ်စိုး၏။ ၎င်းသည်သက်တော်(၅၀)နှစ်၊နန်းသက်(၁၇)နှစ် သာသနာသက္ကရာဇ် (၁၃၆)ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ ခမည်းတော် နတ်ရွာစံသော် သားတော်စောရန်နောင် နန်းတက်၏။ သာသနာသက္ကရာဇ် (၁၇၆)

ခုနှစ်တွင် သားတော် ကုမ္မာရမင်းသားကို ထီးနန်းလွဲအပ်၍ စောရန်နောင်မင်းသည် ဥပုသ်ဆောင်ဝင်တော်မူ၏။ ကုမ္မာရမင်းသည် စောဝ်စောညယ်၊ စောဝ်စောဝမ် ဟူသော သားတော်(၂)ပါးထွန်းကား၏။ သာသနာသက္ကရာဇ်(၁၉၈)ခုနှစ်တွင် ယက္ခပူရ (ယခုဘီလူးမြို့) မှ လာရောက်၍ နှောင့်ယှက်သဖြင့် ကုမ္မာရမင်းသည် သားတော်(၂)ပါးအား စေလွှတ်နှိမ်နင်း၏။တစ်ဖက်နှင့်တစ်ဖက်အပြင်းအထန် တိုက်ခိုက်ကြရာ နောက်ဆုံး၌ မင်းသား (၂)ပါးသည် စစ်အောင်မြင်၍ ယက္ခပူရမြို့ ပျက်စီးခြင်းသို့ ရောက်လေ၏။ ထို့နောက် မောရှမ်းညီနောင်သည် သာသနာသက္ကရာဇ်(၂၁၀)ခုနှစ်တွင် ၄င်းနေရာ၌ပင် မြို့သစ်ပြန်လည် တည်ထောင်ကြ၏။ ၄င်းကို ရှမ်းဘာသာဖြင့်(မိန်းဖိုင်း)၊ မြန်မာဘာသာဖြင့်(ဘီလူးမြို့) ဟု ခေါ်ဝေါ်သမုတ်ကြသည်။

ညောင်ဦးစောရဟန်းမင်း ပုဂံပြည်တွင်မင်းပြုစဉ် မြန်မာသက္ကရာဇ်(၃၀၂)ခုနှစ် ခရစ်သက္ကရာဇ် (၉၄၀)ခန့်တွင် တရုတ်မင်းဥတည်ဘွားနှင့်ကိန္နရာဒေဝီတို့၏မျက်မမြင်သမီးတော်စောလှမှ ဖွားမြင်သော တတိယသားတော်ဆေးကျန်ဖမှ ယခု မိုးညှင်းမြို့ကို တည်ခဲ့သည်ဟု အယူရှိလေသည်။သမီးတော်စောလှအရွယ်ရောက်စတွင်ဖောင်နှင့်မျှောလိုက်ရာ ရေးကခင်ပွန်းဟောင်းဖြစ်ခဲ့သော (ကျားဖြူ)နှင့် တွေ့ရှိသည်တွင် သင့်မြတ်၍ သားတော်(၄)ပါး ဖွားမြင်တော်မူ၏။ သားတော်များ အရွယ်ရောက်လေသော် အဖိုးဖြစ်သူ ဥတည်ဘွားထံသို့စေလွှတ်သည်။ ဘိုးတော်က အကြီးဆုံးမြေးအား(အိုးစည်)၊ ဒုတိယမြေးတော်အား(ဓါးမြှောင်)၊ တတိယမြေးတော်အား (ဗျိုင်းတစ်ကောင်)ပေး၍ တိုင်းပြည်ထောင်ရန် မှာကြား၏။ မြေးတော်အငယ်ကိုမူ အဖကျားဖြူထံ စေလွှတ်၏။ တတိယမြေးတော်ဆေးကျန်ဖသည် ဘိုးတော်မှာကြားသည့်အတိုင်း တိုင်းပြည်တည်ထောင်မင်းပြုရန်လာသည်တွင် မိုးညှင်းမြို့ တည်ရှိသည့် ဒေသသို့ ရောက်သော

အခါတွင် ဗျိုင်းသည် ကျယ်လောင်စွာအော်၏။ ယင်းဒေသတွင် မြို့တည်ထောင်၍ (မိန်းယန်း)ဟုအမည်ပေး၏။ (မိန်း)မှာ မြန်မာဘာသာဖြင့် (မြို့)ဟု အဓိပ္ပါယ်ရ၏။ (ယန်း)မှာ (ဗျိုင်း)ဟု အဓိပ္ပါယ်ရ၏။ ကာလရှည်လျားသော် မိန်းယန်းမှ မိုးညှင်းဖြစ်လာသည်ဟု အဆိုရှိလေသည်။

ဘုရင်မင်းကြီးစွာ လက်ထက်သက္ကရာဇ်(၇၃၂)ခုနှစ်တွင် မိုးညှင်းကို ခုံမိုင်းအမည်ရှိသော စော်ဘွားအုပ်ချုပ်လေသည်။ မြန်မာသက္ကရာဇ် (၇၆၃) ခုနှစ်တွင်မြို့လှစားဥဒိန်သည် မိုးညှင်းမြို့ကို စားလေသည်။ ၄င်းမိုးညှင်းသတိုးသည်မြန်မာသက္ကရာဇ်(၇၈၈)မှ(၈၁၀)ခုနှစ်ထိ ရတနာပူရ အင်းဝမြို့တွင် မိုးညှင်းမင်းတရား ဟူသော အမည်နာမဖြင့် စိုးစံတော်မူခဲ့သည်။

အင်းဝမှနေ၍ မိုးကောင်း၊ မိုးညှင်းစော်ဘွားများကို အုပ်ချုပ်သည်။ မိုးညှင်း စောလုံခေါ် စလုံစော်ဘွားများ လက်ထက်တွင် မိုးညှင်းသည် အလွန် ကြီးကျယ် စည်ကားခဲ့သည်။ မိုးညှင်းစလုံနှင့် သားသိုဟန်ဘွားတို့သည် တစ်စတစ်စ အင်အားကြီးလာသောအခါ အင်းဝမြို့တော်ကို မြန်မာသက္ကရာဇ် (၈၈၈)ခုနှစ် (ဂငယ်သုံးခု အုပ်ရှစ်ထု)တွင် ချီတက်တိုက်ခိုက်အောင်မြင်ခဲ့၏။ သိုဟန်ဘွားသည် (၈၈၈)ခုနှစ်မှ (၉၀၄)ခုနှစ်အထိ ခရစ်သက္ကရာဇ်(၁၅၂၇-၁၅၄၃) အင်းဝတွင် စိုးမိုးအုပ်ချုပ်ခဲ့၏။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မိုးညှင်းမြို့သည် တန်ခိုးမည်မျှ ကြီးထွားခဲ့ကြောင်း ခန့်မှန်းနိုင်ပါသည်။

မြန်မာသက္ကရာဇ် (၁၂၄၀-၁၂၄၇ )ခုနှစ် အတွင်း အထက်မြန်မာနိုင်ငံ၌ သီပေါမင်း စိုးစံလျက်ရှိစဉ် မိုးညှင်းမြို့ကို စော်ဘွားကြီး ဦးသိန်း အုပ်ချုပ်ခဲ့လေသည်။ ၎င်းစော်ဘွားကြီး လက်ထက်တွင် အတွင်းဝန်(၄)ပါး၊ အပြင်ဝန်(၄)ပါးခန့်လျက် အုပ်ချုပ်လေသည်။ စော်ဘွားကြီး ကွယ်လွန်လေသော်ဗြိတိသျှအစိုးရလက်ထက်တွင် ၎င်းစော်ဘွား၏ အမတ် ဦးအေး ဆက်လက် အုပ်ချုပ်သည်။ စော်ဘွားကြီး ဦးသိန်းလက်ထက်တွင် အုပ်ချုပ်ရေး

ကို ဆွေးနွေးတိုင်ပင်ရန် စော်ဘွားကြီးတွင် ခစားဝင်ရောက်ရာ၌ အဆောင် အယောင်များကို ဝတ်လဲရာတွင် အစွဲပြု၍ မိုးညှင်းမြို့တွင် ဝတ်တော်လဲ ချောင်းဟူ၍ ယခုတိုင်ခေါ်ဝေါ်အမည်တွင်လျက်ရှိသည်။ အမတ်ကြီးဦးအေး ကွယ်လွန်ပြီးနောက် တရုတ်နွယ် ဦးဖိုးလမ်းဆိုသူ ဝန်းသိုမှလာရောက် အုပ်ချုပ်သည်ကို မကျေနပ်သဖြင့် အိမ်ခြေ(၆၀)ကျော်သည် မိုးညှင်းမှ ခွဲထွက်၍ (၁၂၅၅)ခုနှစ်တွင် ဟိုပင်ကို တည်ထောင် နေထိုင်ကြသည်။ ထို့နောက် တစ်ခြားလူများလည်း ရေကြည်ရာမြက်နုရာဆိုသလို မိုးညှင်းမှ ပြောင်းရွှေ့ကြရာ (၁၂၈၅)ခုနှစ်တွင် နန်းမားကိုတည်ထောင်ကြလေသည်။ မရှေးမနှောင်းတွင် တကွင်း၊ နန့်ရင်းရွာများကို တည်ထောင်ကြသည်။

မိုးညှင်း၌ ဦးဖိုးလမ်းအုပ်ချုပ်စဉ် မြို့မ၊ မိုးဒါးစု၊ နမီးစု၊ နောင်စွန်း၊ ရွာသစ်ကုန်းရပ်ကွက်များ ဖွဲ့စည်းပေးလျှက် လမ်းများကိုလည်း ခွဲခြား သတ်မှတ်ပေးခဲ့သည်။ ဦးဖိုးလမ်းကွယ်လွန်လေသော် ဦးငွေ (မန်လုံ-မန်ဝီ) မှလာရောက်အုပ်ချုပ်လေသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ဖြစ်၍ ဖက်ဆစ် ဂျပန်များ ဝင်ရောက်ကာ မြို့နယ်စည်ပင်သာယာရေးဟူသော အဖွဲ့ငယ် တစ်ခု ဖွဲ့စည်းအုပ်ချုပ်လေသည်။

မိုးညှင်းမြို့သည် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (၁၈)ခု အနက် မြို့နယ်တစ်ခု ဖြစ်ပါသည်။ ယခင်က တိုက်နယ်ဖြစ်၍ ၁၉၅၇ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့၌ မိုးညှင်းမြို့နယ်အဖြစ် စတင်ဖွဲ့စည်းသည်တွင် မြို့နယ်ရုံးစိုက်ရာမြို့ ဖြစ်လာခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လ (၂)ရက် နေ့တွင် မိုးညှင်းခရိုင်မြို့အဖြစ် စတင်ဖွဲ့စည်းသည်တွင် မိုးညှင်းခရိုင်ရုံး စိုက်ရာမြို့ ဖြစ်လာပါသည်။

# အခန်း(၂)

# ပထဝီဝင် အနေအထား

## တည်နေရာနှင့်အကျယ်အဝန်း

၃။ မိုးညှင်းမြို့နယ်သည်မြောက်လတ္တီတွဒ် ၂၄ဒီဂရီ ၃၀မိနစ် ၄၆ စက္ကန့်မှ ၂၅ဒီဂရီ ၂၆မိနစ် ၅၉စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၂မိနစ် ၁၂စက္ကန့်မှ ၉၆ဒီဂရီ ၄၈မိနစ် ၀၃စက္ကန့် အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၄၀) မိုင်နှင့် တောင်မှမြောက်သို့(၅၀)မိုင် ရှည်လျားပါသည်။ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ အင်းတော်ကြီးမြို့၊ နန့်မွန်းမြို့နှင့် နန်းမားမြို့တို့၏ ဧရိယာစတုရန်းမိုင်မှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | မိုးညှင်း | ၂.၄၆ | ၆.၆၇ | ၂၅၇၈.၅၁ |
| ၂ | ဟိုပင် | ၁.၃၉ | - | - |
| ၃ | အင်းတော်ကြီး | ၀.၁၂ | - | - |
| ၄ | နန့်မွန်း | ၀.၁၈ | - | - |
| ၅ | နန်းမား | ၀.၆၈ | - | - |
| **မြို့နယ်ချုပ်** | | **၄.၈၃** | **၆.၆၇** | **၂၅၇၈.၅၁** |

## နယ်နိမိတ်

၄။ မိုးညှင်းမြို့နယ်၏ အရှေ့ဘက်တွင် မိုးကောင်းနှင့် ရွှေကူမြို့နယ်၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်နှင့် ထိစပ်လျက်ရှိ ပါသည်။ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် တို့နှင့်ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင်ဖားကန့်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ မိုးညှင်းမြို့နယ်သည် တောင်ကုန်းတောင်တန်းများ ထူထပ်သော မြို့နယ်ဖြစ်ပါသည်။ လွင်ပြင်အနေဖြင့် မြစ်ကြီးနား-မန္တလေး ရထားလမ်းတစ်လျှောက်နှင့် အင်းတော်ကြီးအင်း ပတ်ဝန်းကျင် တစ်ဝိုက်တွင်သာ ရှိပါသည်။တောင်ကုန်းတောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းလျှက်ရှိပါသည်။

## ရေဆင်း

၆။ မိုးညှင်းမြို့နယ်တွင် ထင်ရှားသော ချောင်းဖြစ်သည့် နန့်ရင်းချောင်းသည် မိုးညှင်းမြို့နယ်၊ ဆယ်မိုင်ရွာသစ် ကျေးရွာအနီးတွင် ချောင်းဖျားခံပြီး မိုးညှင်းမြို့လယ်ကို ဖြတ်သန်းစီးဆင်းကာ မိုးညှင်းမြို့နယ် တစ်လျှောက်တောင်မှမြောက်သို့စီးဆင်းသွားပြီး မြောက်ဘက်တွင်မိုးကောင်းချောင်းသို့ စီးဝင်ပါသည်။ မြန်မာ့အကြီးဆုံးအင်းဟုသတ်မှတ်ထားသည့် အင်းတော် ကြီးရေအိုင်သည် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် တည်ရှိပြီး ၄င်းရေအိုင်မှရေသည် အင်းတော်ချောင်းအတိုင်း တောင်မှမြောက်သို့ စီးဆင်းကာ မိုးကောင်းမြို့နယ်၊မိုးကောင်းချောင်းသို့စီးဝင်လျှက်ရှိပါသည်။ ရေအများစုမှာ ရေချိုအမျိုးအစားဖြစ်ပါသည်။ အင်းတော်ကြီးရေအိုင်သည် စက်လှေသာ သွားလာနိုင်ပြီး အများအားဖြင့် အိုင်ပတ်လည်ရှိ ကျေးရွာ

များသို့ကူးလူးဆက်ဆံမှု သဘောမျိုးသာရှိပါသည်။ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ခြင်းမရှိပါ။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၇။ မိုးညှင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့် (၆၈၅) ပေအထက်တွင် တည်ရှိပါသည်။

## အခန်း(၃)

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

**ရာသီဥတု**

၈။ မိုးညှင်းမြို့နယ်သည် ပူနွေးစွတ်စိုသောရာသီဥတုရှိပြီး ၊ အမြင့်ဆုံး အပူချိန်(၃၈.၅°C)နှင့် အနိမ့်ဆုံးအပူချိန်မှာ(၅.၂°C) ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (°C) | ဆောင်းရာသီ (°C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ခုနှစ် မတ်လကုန်ထိ | ၁၀၉ | ၇၅.၅ | ၃၈.၅ | ၇.၀ |

## သဘာဝပေါက်ပင်များ

၉။ မိုးညှင်းမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်း၊ ကညင်၊ အင်၊ သဒီ၊ ရေမနေ၊ ထောက်ကြံ့၊ ယင်းမာ၊ ဘန့်ဘွေး၊ တောင်တမာ၊ ကြို့၊ နှော၊ သက်န်း၊ကြေးလံ၊ ဘိုင်၊ မအူ၊ သရက်၊ ငါးပေါက်၊ မျောက်ငို၊စကားဝါ၊ သပြေစသည့်အပင်များ ပေါက်ရောက်ပြီးအမြဲစိမ်းတောနှင့်အထက်ရွက်ပြတ်ရောနှောတောစိုအမျိုးအစားများဖြစ်ပါသည်။ တင်းဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ ဝါးပါး၊ ခရင်ဝါး၊ ဝါးဘိုးနွယ်နှင့် ဝါးဘူးနွယ်၊ ကြိမ်စသည့် ခြုံနွယ်များ ပေါက်ရောက်ပြီး အောက်ပေါင်း ထူထပ်ပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ မိုးညှင်းမြို့နယ်တွင်တွေ့ရှိရသော တောရိုင်းတိရစ္ဆာန်များမှာ တောဆင်ရိုင်း၊ ငါးအမျိုးမျိုး၊ ဆောင်းခိုငှက်များ၊ရေပျော်ငှက်များ၊ အင်းတော်ကြီးအိုင် သဘာဝပတ်ဝန်းကျင်တွင် ရှားပါးငှက်မျိုးစိပ်များဖြစ်သည့် ငှက်ကြီးဝန်ဖို၊ ကြိုးကြာခေါင်းနီ၊ ကြိုးကြာခေါင်းမဲ၊ တင်ကျီး၊ ဟသ်ာ၊ တင်ကျီးကြီး၊ ဥပန်း၊တောငန်း၊ဇင်ယော်၊မိကျောင်းသွားကြားထိုးတံ၊ ရေနယား၊ ရေဘဲများ၊ ရေကြက်များ၊ ရှားပါးတိရစ္ဆာန် မျိုးစိပ်များဖြစ်သည့် အင်းကျား၊ ပြောင်၊ ချေ(ဂျီ)၊ တောဝက်၊ ဒရယ်၊ လင်းသက်၊ မျောက်လွှဲကျော်၊ အခြားမျောက်မျိုးစိပ်များ၊ မြွေမျိုးစိပ်များ၊ ရှူးပုံ့စသည့် တောရိုင်းတိရစ္ဆာန်များကို တွေ့ရှိရပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ

၁၁။ မိုးညှင်းမြို့နယ်၏လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု(၇၇%)ရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ(၂၅%)ဖြစ်ပြီး ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမှာ (၄%) ရှိပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၁၂။ မိုးညှင်းမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက်ကြိုးဝိုင်းတော (၄၁၆၇၈၆)ဧက၊ ကြိုးပြင်တော (၁၉၃၈၂၃)ဧကထိန်းသိမ်းလျက်ရှိပါသည်။သစ်တောစိုက်ခင်းတည်ထောင်နိုင်မှုမှာ ပုဂ္ဂလိကကျွန်းစိုက်ခင်း(၅၀၀)ဧက၊သစ်မာ(၁၄၅)ဧက၊ ကျေးရွာထင်း စိုက်ခင်း(၁၀၉)ဧက ဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ကျရောက်မှု

၁၃။ မိုးညှင်းမြို့နယ်သည် ကချင်ပြည်နယ်အတွင်းတည်ရှိပြီး မြေပြန့်ဒေသတွင်တည်ရှိသဖြင့်သဘာဝဘေးအန္တရာယ်ကြီးကြီးမားမားကျရောက်မှုမရှိပါ။ မြို့နယ်အတွင်းမိုးညှင်း-နန်းမား-ဟိုပင်တို့ကို ဖြတ်သန်း စီးဆင်းနေသည့် နန့်ရင်းချောင်းသည် မိုးတွင်းကာလ မိုးအဆက်မပြတ် ရွာသွန်းသည့် အချိန်များတွင် အနည်းငယ်ရေကြီးတတ်သဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်ထားရှိကာ ကော်မတီအလိုက်ဆောင်ရွက်လျက်ရှိပါသည်။မိုးညှင်းမြို့နယ်အတွင်းမီးဘေး၊ရေဘေးကြိုတင် ကာကွယ်ရေးအတွက် ရပ်ကွက်/ကျေးရွာများ အတွင်းမီးကင်း၊ရေကင်းများ စနစ်တကျထားရှိကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ စီမံချက်များရေးဆွဲကာ စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် သဘာဝဘေး

အန္တရာယ် ကျရောက်မှုဆိုးဆိုးဝါးဝါးမရှိပါ။ မိုးညှင်းမြို့ နန့်ရင်းချောင်း၏ စိုးရိမ်ရေ အမှတ်မှာ (၅၀၀)စင်တီမီတာဖြစ်ပါသည်။ မိုးညှင်းမြို့နယ်အတွင်း သဘာဝ ဘေးအန္တရာယ်ကျရောက်မှုမရှိပါ-

| **စဉ်** | **အမျိုးအစား** | **ဖြစ်ပွါး ကြိမ်** | **သေ/ပျောက် ဦးရေ** | **အဆောက်အဦ ပျက်စီးမှု** | **ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း)** |
|---|---|---|---|---|---|
| ၁ | မီးဘေး | ၈ | - | ၁၁ | ၃၈.၉ |
| ၂ | ရေဘေး | ၁၀ | - | - | ၆၂.၈ |
| ၃ | လျှောင်ဘေး | ၁ | - | ၁ | ၁.၀၀ |
| ၄ | လေဘေး | ၅ | - | ၅၈ | ၂၂.၀၂၇ |
| ၅ | မိုးကြိုးဘေး | ၄ | ၁ | ၃ | ၀.၃၅ |
| **ပေါင်း** | | **၂၈** | **၁** | **၇၃** | **၁၂၅.၀၇၇** |

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ မိုးညှင်းမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးစု များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၁၄၅၅၁ | ၂၁၈၅၉၂ | ၆.၆၅၆% |
| ၂ | ကယား | ၃၉ | ၂၁၈၅၉၂ | ၀.၀၁၈% |
| ၃ | ကရင် | ၂၃၂ | ၂၁၈၅၉၂ | ၀.၁၀၆% |
| ၄ | ချင်း | ၂၃၆ | ၂၁၈၅၉၂ | ၀.၁၀၈% |
| ၅ | မွန် | ၄၉ | ၂၁၈၅၉၂ | ၀.၀၂၂% |
| ၆ | ဗမာ | ၁၁၉၉၆၁ | ၂၁၈၅၉၂ | ၅၄.၈၇၈% |
| ၇ | ရခိုင် | ၆၅၄ | ၂၁၈၅၉၂ | ၀.၂၉၉% |
| ၈ | ရှမ်း | ၇၆၉၈၆ | ၂၁၈၅၉၂ | ၃၅.၂၁၉% |
| ၉ | ပအိုဝ်း | - | ၂၁၈၅၉၂ | - |
| ၁၀ | ဓနု | - | ၂၁၈၅၉၂ | - |
| ၁၁ | တောင်ရိုး | - | ၂၁၈၅၉၂ | - |
| ၁၂ | ပလောင် | - | ၂၁၈၅၉၂ | - |
| | **မြို့နယ်ချုပ်** | **၂၁၂၇၀၈** | **၂၁၈၅၉၂** | **၉၇.၃၀၈%** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ မိုးညှင်းမြို့နယ်၏ ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ခုနှစ် မတ်လကုန်ထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) အိမ်ခြေ/အိမ်ထောင်စု

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၁၄၄၂၀ | ၁၄၇၀၇ | ၂၂ | - | - |
| ၂ | ကျေးလက်နေ | ၂၅၀၃၄ | ၂၅၂၅၃ | - | ၃၈ | ၁၂၄ |
| | **မြို့နယ်ချုပ်** | **၃၉၄၅၄** | **၃၉၉၆၀** | **၂၂** | **၃၈** | **၁၂၄** |

### (ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **မြို့နေ** | ၂၆၇၄၄ | ၃၁၁၁၆ | ၅၇၈၆၀ | ၁၁၃၃၃ | ၁၁၆၉၂ | ၂၃၀၂၅ | ၃၈၀၇၇ | ၄၂၈၀၈ | ၈၀၈၈၅ |
| ၂ | **ကျေးလက်နေ** | ၄၀၆၁၀ | ၄၄၂၅၁ | ၈၄၈၆၁ | ၂၆၄၈၆ | ၂၆၃၆၀ | ၅၂၈၄၆ | ၆၇၀၉၆ | ၇၀၆၁၁ | ၁၃၇၇၀၇ |
| **မြို့နယ်ချုပ်** | | **၆၇၃၅၄** | **၇၅၃၆၇** | **၁၄၂၇၂၁** | **၃၇၈၁၉** | **၃၈၀၅၂** | **၇၅၈၇၁** | **၁၀၅၁၇၃** | **၁၁၃၄၁၉** | **၂၁၈၅၉၂** |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ မိုးညှင်းမြို့နယ်၏လူဦးရေတိုးနှုန်း ကျား၊မအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) လူဦးရေတိုးနှုန်းနှင့်ကျား၊ မအချိုး

| စဉ် | မြို့နယ် | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | မိုးညှင်း | ၁၆၅၆၈၇ | ၁၇၀၃၄၅ | ၄၆၅၈ | ၂.၇၃% | ၈၂၅၀၁ | ၈၇၈၄၄ | ၁း၁ |
| ၂ | ဟိုပင် | ၂၃၆၄၆ | ၂၃၆၄၀ | -၆ | -၀.၀၂% | ၁၀၉၃၉ | ၁၂၇၀၁ | ၁း၁ |
| ၃ | အင်းတော်ကြီး | ၁၉၄၃ | ၁၉၅၉ | ၁၆ | ၀.၈၁% | ၉၇၀ | ၉၈၉ | ၁း၁ |
| ၄ | နန့်မွန်း | ၁၀၉၇၆ | ၁၀၈၈၄ | -၉၂ | -၀.၈၄% | ၅၂၉၃ | ၅၅၉၁ | ၁း၁ |
| ၅ | နန်းမား | ၁၁၈၂၅ | ၁၁၇၆၄ | -၆၁ | -၀.၅၁% | ၅၄၇၀ | ၆၂၉၄ | ၁း၁ |
| | **မြို့နယ်ချုပ်** | **၂၁၄၀၇၇** | **၂၁၈၅၉၂** | **၄၅၁၅** | **၂.၀၆%** | **၁၀၅၁၇၃** | **၁၁၃၄၁၉** | **၁း၁** |

### ( ခ ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ် | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၁၆၅၆၈၇ | ၁၀၆၁ | ၇၀၁ | ၅၄၉၆ | ၁၁၉၈ | ၁၇၀၃၄၅ |
| ၂ | ဟိုပင် | ၂၃၆၄၆ | ၈၄ | ၈၄ | ၆ | ၁၂ | ၂၃၆၄၀ |
| ၃ | အင်းတော်ကြီး | ၁၉၄၃ | ၁၄ | ၉ | ၂၀ | ၉ | ၁၉၅၉ |
| ၄ | နန့်မွန်း | ၁၀၉၇၆ | ၃၂ | ၃၀ | - | ၉၄ | ၁၀၈၈၄ |
| ၅ | နန်းမား | ၁၁၈၂၅ | ၅၉ | ၁၀၆ | ၁၁၀ | ၁၂၄ | ၁၁၇၆၄ |
| | **မြို့နယ်ချုပ်** | **၂၁၄၀၇၇** | **၁၂၅၀** | **၉၃၀** | **၅၆၃၂** | **၁၄၃၇** | **၂၁၈၅၉၂** |

## ကိုးကွယ်သည့်ဘာသာ

၁၇။ မိုးညှင်းမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၁၆၀၅၅၄ | ၈၅၃၃ | ၃၄၃ | ၉၁၅ | **၁၇၀၃၄၅** |
| ၂ | ဟိုပင် | ၁၉၂၃၃ | ၄၂၉၁ | ၆၈ | ၄၈ | **၂၃၆၄၀** |
| ၃ | အင်းတော်ကြီး | ၁၄၇၀ | ၄၈၉ | - | - | **၁၉၅၉** |
| ၄ | နန့်မွန်း | ၈၆၄၀ | ၂၂၄၀ | - | ၄ | **၁၀၈၈၄** |
| ၅ | နန်းမား | ၁၁၅၀၆ | ၂၃၁ | ၂၇ | - | **၁၁၇၆၄** |
| | **မြို့နယ်ချုပ်** | **၂၀၁၄၀၃** | **၁၅၇၈၄** | **၄၃၈** | **၉၆၇** | **၂၁၈၅၉၂** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ မိုးညှင်းမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူ ဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံခြားသား လူမျိုး | နေထိုင်ဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | တရုတ် | ၄၄၇၆ | ၂၁၈၅၉၂ | ၂.၀၄၇% |
| (ခ) | အိန္ဒိယ | ၁၂၁၆ | ၂၁၈၅၉၂ | ၀.၅၅၆% |
| (ဂ) | ပါကစ္စတန် | ၁၀၇ | ၂၁၈၅၉၂ | ၀.၀၄၈% |
| (ဃ) | ဘင်္ဂလားဒေ့ရှ် | ၈၅ | ၂၁၈၅၉၂ | ၀.၀၃၈% |
| | **မြို့နယ်ချုပ်** | **၅၈၈၄** | **၂၁၈၅၉၂** | **၂.၆၉၁%** |

# အခန်း(၅)

# အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

## အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ မိုးညှင်းမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ၁ | ၅ | ၂၂ | ၃၈ | ၁၂၄ |
| **မြို့နယ်ချုပ်** | | **၅** | **၂၂** | **၃၈** | **၁၂၄** |

**မှတ်ချက်။** အင်းတော်ကြီးမြို့နှင့် နန့်မွန်းမြို့တို့တွင် ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားရှိခြင်း မရှိသေးသည့်အတွက် လူဦးရေမှအပ ကျန်အချက်အလက်များ ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိသေးပါကြောင်းတင်ပြအပ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ မိုးညှင်းမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | | အများကြည်ညိုလေးစားခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| ၂ | ဦးရွှေပြည်ဟိန်း | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၃ | ဦးသန်းနိုင် | မြို့နယ်လဝကဦးစီးမှူး | အဖွဲ့ဝင် |
| ၄ | ဦးတင့်မျိုးကို | မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး | အဖွဲ့ဝင် |
| ၅ | ဦးဖြိုးသက်နောင် | အငယ်တန်း အင်/ယာ(မြို့နယ်စည်ပင်) | အဖွဲ့ဝင် |
| ၆ | ဒေါ်စမ်းစမ်းအေး | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၇ | ဦးစံထွေး | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| ၈ | ဦးသန်းထိုက် | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၉ | ဒေါ်တိုးတိုးမေ | မြို့နယ် ပြန်/ဆက်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၀ | ဒေါ်သန်းသန်းဆွေ | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၁၁ | ဦးမြမင်းမင်းထိုက် | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

## (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၁၇၀၃၄၅ | ၂၂၇၁၈ | ၂၀၅၅၅ | ၄၃၂၇၃ |
| ၂ | ဟိုပင် | ၂၃၆၄၀ | ၇၁၀၅ | ၈၅၂၆ | ၁၅၆၃၁ |
| ၃ | အင်းတော်ကြီး | ၁၉၅၉ | ၆၃၄ | ၆၇၅ | ၁၀၃၉ |
| ၄ | နန့်မွန်း | ၁၀၈၈၄ | ၃၂၀၇ | ၃၃၅၉ | ၆၅၆၆ |
| ၅ | နန်းမား | ၁၁၇၆၄ | ၄၁၅၅ | ၄၉၃၇ | ၉၀၉၂ |
| | မြို့နယ်ချုပ် | ၂၁၈၅၉၂ | ၃၇၈၁၉ | ၃၈၀၅၂ | ၇၅၈၇၁ |

## (ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင် ဦးရေ | ပါတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေး ဖွံ့ဖြိုးရေး ပါတီ | ဦးလမိုင် | ဦးဒွေးဝင်း | ၁၁ | ၂၁၅၅၈ |
| ၂ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ဦးကျော်ထွေး | ဦးမောင်ဇော် | ၁၆ | ၈၀၁၉ |
| ၃ | ရှမ်းနီ ( တိုင်းလျှန် ) သွေးစည်းညီညွတ်ရေး ပါတီ | ဦးကျော်ညွန့် | ဦးမိုးဇော်ထွန်း | ၇ | ၅၀၄ |
| ၄ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ဦးစိုးမိုးအောင် | ဦးစိုင်းမောင်ထွေး | ၁၆ | ၁၃၃ |
| ၅ | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ | ဦးဝင်းထူး | ဦးကျော်ကျော်ဦး | ၁၃ | ၁၆၅ |
| ၆ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | ဦးကျော်တင့် | ဦးခင်မောင်ရင် | ၁၇ | ၄၀၁၉ |

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီဝင်ဦးရေ |
|---|---|---|---|---|---|
| ၇ | ကချင်အမျိုးသားများကွန်ဂရက်ပါတီ | ဦးနော်ဂရောင် | ဦးခွန်နောင် | ၃ | ၈၀ |
| ၈ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ဦးမျိုးသန့်လင်း | ဦးနေမျိုးထွန်း | ၉ | - |
| ၉ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ဦးနော်ဂျာ | ဦးဇော်မိုင် | ၁၀ | ၂၁ |
| ၁၀ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ဦးစိုင်းမိုး | ဦးမောင်ထွေး | ၂၁ | - |

## (ဃ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ /တသီးပုဂ္ဂလအမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | - | - | - |
| ၂ | - | - | - |
| ၃ | - | - | - |

# အခန်း(၆)

## စီပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ မိုးညှင်းမြို့နယ်သည် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်း တည်ရှိ၍ စီးပွားရေး အရ အချက်အခြာကျပြီး ဖွံ့ဖြိုး တိုးတက်မှု သင့်တင့်သော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ထို့အပြင်ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများကို လည်းစီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ မိုးညှင်းမြို့နယ်သည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း နှင့် ရွှေဘို - မြစ်ကြီးနား ကားလမ်း (ပြည်ထောင်စုကားလမ်းမကြီး) ပေါ်တွင်တည်ရှိ၍ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ ဒေသ အသီးသီးသို့အများဆုံးတင်ပို့ရောင်းချပါသည်။ မိုးညှင်းမြို့နယ်သည် မန္တလေးတိုင်းဒေသမှစားသောက်ကုန်ပစ္စည်းများကိုအဓိက တင်သွင်း ရပါသည်။

## မြေအသုံးချမှု

၂၂။ မိုးညှင်းမြို့နယ်၏မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေ** | **၁၂၇၃၅၂** |
| | (က) လယ်မြေဧရိယာ | ၁၁၁၃၂၅ |
| | ( ခ) ယာမြေ | ၅၀၄၂ |
| | (ဂ) ကိုင်း/ကျွန်းမြေ | ၁၁၂၉ |
| | (ဃ) ဥယျာဉ်မြေ | ၉၇၈၁ |
| | (င) ဓနို | - |
| | (စ) တောင်ယာ | ၇၅ |
| ၂ | **လုပ်မြေဧရိယာပေါင်း** | **၆၆၅၆** |
| | (က) လယ် | ၅၇၃၇ |
| | ( ခ) ယာ | ၉၁၉ |
| | (ဂ) ကိုင်း/ကျွန်း | - |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနို | - |
| ၃ | **စားကျက်မြေ** | **၁၃၉၈** |
| ၄ | **စက်မှုလုပ်ငန်းသုံးမြေ** | **၄၇** |
| ၅ | **မြို့မြေ** | **၂၄၆၁** |
| ၆ | **ရွာမြေ** | **၄၃၁၆** |
| ၇ | **အခြားမြေ** | **၉၄၁၇၂** |
| ၈ | **ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောဧရိယာ** | **၆၁၀၆၀၉** |
| ၉ | **တောရိုင်း** | **၅၅၂၁၂၅** |
| ၁၀ | **မြေရိုင်း** | **၂၄၃၆၉၀** |
| ၁၁ | **စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ** | **၇၄၂၂** |
| | **စုစုပေါင်း** | **၁၆၅၀၂၄၈** |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ မိုးညှင်းမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | ဆည်အမည် | ဆည်အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြုဧက |
|---|---|---|---|---|
| ၁ | မရင်းကုန်းဆည် | ကွန်ကရစ်ဆင်ခြေလျော | ၃၂၀၀၀ | ၉၈၇ |
| ၂ | ဘိုကုန်းဆည် | ကွန်ကရစ်ဆင်ခြေလျော | ၄၈၀၀၀ | ၂၅၆၇ |
| ၃ | သရက်ကုန်းဆည် | ကွန်ကရစ်ဆင်ခြေလျော | ၁၂၀၀၀၀ | ၁၁၂၈ |
| ၄ | ကန်ကုန်းကြီးဆည် | ကျောက်စီရေကျ | ၄၈၀၀၀ | ၈၃၀ |
| ၅ | စံမြိုင်ဆည် | ကျောက်စီရေကျ | ၁၈၀၀၀ | ၂၀၀ |
| ၆ | ညောင်ပင်သာဆည် | ကျောက်စီရေကျ | ၄၈၀၀၀ | ၆၆၅ |
| ၇ | နန့်ပတဲဆည် | ကျောက်စီရေကျ | ၁၂၀၀၀၀ | ၃၀၀ |
| ၈ | နန့်မွန်းဆည် | သစ်ခက်ဆည် | **၄၈၀၀၀** | ၅၀၀ |
| ၉ | နန့်ဝင်ရိုးဆည် | ကျောက်စီရေကျ | **၄၈၀၀၀** | ၁၃၀၀ |
| ၁၀ | ကျွန်းကုန်းရေလှောင်တမံ | မြေသားတာဘောင် | **၁၂၀၀၀၀** | ၃၉၀ |
| ၁၁ | နန့်ခမ်းဆည် | ကျောက်စီရေကျ | **၄၈၀၀၀** | ၃၀၀ |
| ၁၂ | ဘုံချောင်းဆည် | ကျောက်စီရေကျ | **၄၈၀၀၀** | ၆၀၀ |
| ၁၃ | ဟဲပုဆည် | ကွန်ကရစ်ရေကျ | **၆၀၀၀၀** | ၈၀၀ |
| ၁၄ | သာယာကုန်းဆည် | ကျောက်စီရေကျ | **၄၈၀၀၀** | ၃၆၂ |
| ၁၅ | ကတုံးဆည် | ကျောက်စီကွန်ကရစ်ရေကျ | **၅၀၀၀၀** | ၂၅၀ |
| ၁၆ | ဟဲလုံဆည် | ကျောက်စီရေကျ | **၄၈၀၀၀** | ၅၀၀ |
| ၁၇ | လေးတန်ချောင်းဆည် | သံဇကာကျောက်ဖြည့် | **၄၈၀၀၀** | ၃၇၁ |
| ၁၈ | ချောင်းချောက်ချောင်းတာဖို့ခြင်းနှင့်ချောင်းကြမ်းပြင်နိမ့်ခြင်း | တာဘောင် | - | ၇၀၀ ရေဘေးကာကွယ် |

| စဉ် | ဆည်အမည် | ဆည်အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြဧက |
|---|---|---|---|---|
| ၁၉ | ဓောတိကုန်းဆည် | သံဇကာကျောက်ဖြည့် | **၉၆၀၀၀** | ၂၈၂၇ |
| ၂၀ | ဘုန်းကြီးစခန်းဆည် | ကျောက်စီပန်းရံ | **၆၀၀၀၀** | ၃၅၀ |
| ၂၁ | ဆားလှော်ချောင်း (အင်ကြင်းကုန်း မြောင်းတူးဖော်ခြင်း) | ရေမြောင်း | **-** | ၂၄၀၀ ရေဘေး ကာကွယ် |
| ၂၂ | ဓောတိကုန်းရေလှောင်ကန် | ကွန်ကရစ်ကျောက်စီ | ၈၀၀၀၀ | ၈၀ |
| ၂၃ | နန့်ပင့်ဆည် | ကွန်ကရစ် | ၄၀၀၀၀ | ၂၅၀ |
| ၂၄ | အောင်ရတနာဆည် | ကျောက်စီရေကျ | ၉၆၀၀၀ | ၇၉၆ |
| ၂၅ | ပွေ့မဆန့်ချောင်းဆည် | ကျောက်စီဆင်းခြေလျော | ၁၈၀၀၀ | ၁၅၀ |
| ၂၆ | တဲကြီးကုန်းဆည် | ကွန်ကရစ်ရေချ | ၆၀၀၀၀ | ၃၂၀ |
| ၂၇ | ကျောက်ပုံဆည် | ကျောက်ဖြည့်ဆည် | ၉၆၀၀၀ | ၁၃၀၀ |
| ၂၈ | ခလရ(၁၅)ဆည် | ကျောက်စီရေကျ | ၁၈၀၀၀ | ၁၀၀ |
| ၂၉ | ကျောက်ဖြူချောင်း ဆည် | ကျောက်စီရေကျ | **၉၆၀၀၀** | ၁၀၀၀ |
| ၃၀ | မြိုင်ရွာဆည် | ကျောက်စီရေကျ | **၃၂၀၀၀** | ၂၆၀ |
| ၃၁ | ချောင်းမဲဆည် | ကျောက်ဖြည့်ဆည် | **၄၀၀၀၀** | ၅၂၀ |
| ၃၂ | နန့်လှိုင်ဆည် | ကျောက်စီရေကျ | **၆၀၀၀၀** | ၉၅၀ |
| ၃၃ | နမ္မားကြီးဆည် | ကျောက်စီဆင်းခြေလျော | **၆၀၀၀၀** | ၆၇၂ |
| ၃၄ | ရိုးမနိုင်ကဝဆည် | ကျောက်စီဆင်းခြေလျော | **၇၂၀၀၀** | ၈၆၀ |
| ၃၅ | ရွာသစ်ကုန်းဆည် | ကျောက်စီဆင်းခြေလျော | **၄၀၀၀၀** | ၄၈၅ |
| ၃၆ | ဆယ်မိုင်(၁)ဆည် | သစ်ခက်ဆည် | **၁၈၀၀၀** | ၈၄ |
| ၃၇ | ဆယ်မိုင်(၂)ဆည် | ကျောက်စီရေကျ | **၁၈၀၀၀** | ၃၈၀ |
| ၃၈ | ဇရစ်ချောင်းဆည် | ကျောက်စီရေကျ | **၁၈၀၀၀** | ၃၈၂ |
| ၃၉ | လွဲမွန်ဆည် | ကျောက်စီရေကျ | **၄၀၀၀၀** | ၅၂၅ |
| ၄၀ | နန့်စော်လော်ဆည် | ကျောက်စီဆင်းခြေလျော | **၁၂၀၀၀** | ၂၀၁၆ |
| ၄၁ | ဆည်ဦးသားဆည် | ကွန်ကရစ်ရေချ | **၄၀၀၀၀** | ၅၀၀ |

| စဉ် | ဆည်အမည် | ဆည်အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြုဧက |
|---|---|---|---|---|
| ၄၂ | ညောင်ကိုင်း(၁)ရေလွှဲဆည် | ကွန်ကရစ်ရေချ | ၁၈၀၀၀ | ၈၀ |
| ၄၃ | ညောင်ကိုင်း(၂)ရေလွှဲဆည် | ကွန်ကရစ်ရေချ | ၃၂၀၀၀ | ၁၂၀ |
| ၄၄ | ခတ်စကုတ်ရေလွှဲဆည် | ကွန်ကရစ်ကျောက်စီ | ၆၀၀၀၀ | ၃၅၀ |
| | စုစုပေါင်း | | ၂၂၀၀၀၀၀ | ၃၀၅၀၇ |

## (ခ) မြစ်ရေတင်စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ | အကျိုးပြုဧက | မှတ် ချက် |
|---|---|---|---|---|
| ၁ | - မရှိပါ- | | | |
| မြို့နယ်ချုပ် | | | | |

## (ဂ) တာတမံများ/ရေထိန်းတံခါး

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည် (ပေ) | | |
| | - မရှိပါ- | | | | |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ မိုးညှင်းမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၂၂-၂၀၂၃ခုနှစ် လျာထားဧက | | ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လကုန်ထိ | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှံနှုန်း | အထွက်(တင်း) |
| ၁ | စပါးပေါင်း | နွေ | ၂၅၅ | ၆၃ | - | | |
| | | မိုး | ၁၃၅၀၅၁ | ၁၃၆၁၇၉ | ၁၃၅၈၃၃ | ၈၀.၁၅ | ၁၀၈၈၆၈၀၂ |
| ၂ | မြေပဲ | မိုး | ၈၀၄ | ၄၄၇ | ၄၄၇ | ၄၀.၀၇ | ၁၇၉၁၄ |
| | | ဆောင်း | ၈၂၃၀ | ၈၅၃၄ | ၈၅၃၄ | ၅၆.၆၁ | ၄၈၃၁၁၁ |
| ၃ | နှမ်း | မိုး | ၆၂၈ | ၂၉၃ | ၂၉၃ | ၉.၅၉ | ၂၈၁၀ |
| | | ဆောင်း | ၁၀၄၅ | ၄၉၈ | ၄၉၈ | ၁၃.၆၇ | ၆၈၁၀ |
| ၄ | နေကြာ | - | ၁၁၄ | ၅၆၀၉ | ၁၇၈ | ၂၇.၃၄ | ၄၈၆၆ |
| ၅ | မတ်ပဲ | - | ၁၁၇ | ၆၀ | ၆၀ | ၁၂.၃၃ | ၇၄၀ |
| ၆ | ပဲတီစိမ်း | မိုး | ၂၀၅ | ၇၀ | ၇၀ | ၁၁.၇၉ | ၈၂၅ |
| | | ဆောင်း | ၉၁၆ | ၄၂၄ | ၄၂၄ | ၁၂.၇၁ | ၅၃၉၀ |
| ၇ | ပဲစင်းငုံ | မိုး | ၂၇ | ၂၇ | ၂၇ | ၁၄.၀၂ | ၃၇၉ |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | - | - | - | - | - |
| ၁၀ | အစေ့ထုတ်ပြောင်း | မိုး | ၁၀၅၅ | ၁၀၉၅ | ၁၀၉၅ | ၅၃.၃၈ | ၅၈၄၅၂ |
| | | ဆောင်း | ၆၂ | ၁၃၂ | ၁၃၂ | ၅၄.၇၃ | ၇၂၂၄ |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံ အမည် | စိုက်(ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | သစ်စိမ့် | ၂၈ | - | - | - |
| ၂ | ရာဘာ | ၆၀၆၅ | ၃၈၄ | ၁၃၅.၆၅ | ၂၀၅၆၉၀ |
| ၃ | ငရုတ်ကောင်း | ၈၁ | ၈၁ | ၃၉.၆၀ | ၃၂၀၈ |
| ၄ | ကော်ဖီ | ၁၃၆ | ၁၃၅ | ၁၃၇.၈၇ | ၁၈၆၁၂ |
| ၅ | လက်ဖက် | ၁၁၂ | ၁၁၀ | ၄၃၂.၇၆ | ၄၇၆၀၄ |
| ၆ | ကွမ်းသီး/ရွက် | ၃၀၄ | ၃၀၄ | ၇၀၂.၈၄ | ၂၁၃၆၆၂ |
| ၇ | အုန်း | ၁၁၂၄ | ၁၁၂၄ | ၂၄၃၈.၄၂ | ၂၇၄၀၇၈၇ |
| ၈ | သစ်သီးပင် | ၁၀၈၀၁ | ၁၀၈၀၁ | - | - |

## (ဂ) အခြားစျေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | စိုက် ဧက | ရိတ် ဧက | အထွက် နှုန်း | အထွက် ပေါင်း |
|---|---|---|---|---|---|
| ၁ | အာလူး | ၅၇၇ | ၅၇၇ | ၂၈၉၀.၄၄ | ၁၆၆၇၇၈၃ |
| ၂ | ကြက်သွန်နီ | ၁၁၄၂ | ၁၁၄၂ | ၂၃၂၂.၁၇ | ၂၆၅၁၉၁၄ |
| ၃ | ကြက်သွန်ဖြူ | ၁၅၇၀ | - | ၁၅၇၂.၅၄ | ၂၄၆၈၈၉၀ |
| ၄ | ဂျင်း | ၂၀၀ | ၂၀၀ | ၂၂၈၂.၁၂ | ၄၅၆၄၂၅ |
| ၅ | ဟင်းသီး/ရွက် | ၁၄၆၉၀ | ၁၂၀၇၄ | - | - |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ။

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ် သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် |
| ၁ | ၆ | - | - | - | - | - | ၃ | ၄၀ | ၃၆၉၅ | - | - | ၃၅ | ၁၁၀ | ၆၆၈ |

## (င) လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၁၉၀၇၀ | ၁၇၀၇၅ | ၁၀၉၁၅ | ၇၅၅၆၈ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ခုနှစ် အမှန် | ၂၀၂၃-၂၀၂၄ ခုနှစ် လျာထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၁၈၅၉၂ | ၂၁၈၅၉၂ | |
| ၂ | ၀မ်းစာလိုအပ်ချက် | တင်း | ၈၀၈၇၃ | ၃၀၃၆၂၂၅ | |
| ၃ | စပါးစိုက်ဧကပေါင်း | တင်း | ၁၃၆၁၇၉ | ၁၃၆၃၆၂ | |
| | မိုးစပါး | တင်း | ၁၃၆၁၁၆ | ၁၁၁၉၁၃ | |
| | နွေစပါး | တင်း | ၆၃ | ၄၁ | |
| ၄ | အထွက်တင်းပေါင်း | ဧက | ၁၀၈၈၆၈၀၂ | ၁၁၁၁၁၀၁၀ | |
| | မိုးစပါး | တင်း | ၁၀၈၈၆၈၀၂ | ၁၁၀၈၈၁၄၀ | |
| | နွေစပါး | တင်း | - | ၂၂၈၇၀ | |
| ၅ | ချန်လှပ်ရမည့်တင်း | တင်း | ၉၈၀၅၈၀ | ၅၅၉၅၆၅ | |
| | မျိုး | တင်း | ၂၇၂၂၃၂ | ၂၂၃၈၂၆ | |
| | အလေအလွင့် | တင်း | ၄၀၈၃၄၈ | ၃၃၅၇၃၉ | |
| ၆ | ၀မ်းစာကျန်ရှိမှု | တင်း | ၃၄၅၃၁၉၂ | ၃၈၉၆၅၆၀ | |
| ၇ | ဖူလုံမှု | % | **၂၉၂.၉၁** | **၃၀၈.၃၆** | |

## (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ခုနှစ် အမှန် | ၂၀၂၃-၂၀၂၄ ခုနှစ် လျာထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၁၈၅၉၂ | ၂၁၈၅၉၂ | |
| ၂ | မ်းစာလိုအပ်ချက် | ပိဿာ | ၁၃၁၁၅၅၂ | ၁၃၁၅၅၂ | |
| ၃ | ဆီထွက်သီးနှံစိုက်ဧကပေါင်း | တန် | ၁၆၂၆၈ | ၁၇၄၉၀ | |
| ၄ | အထွက်တင်းပေါင်း | ပိဿာ | ၅၂၆၅၉၁ | ၆၅၆၀၇၈ | |
| ၅ | ချန်လပ်ရမည့်တင်းပေါင်း | တင်း | ၄၄၉၉၅ | ၅၄၆၇၂ | |
| | မျိုး | တင်း | ၈၁၃၄ | ၈၇၄၅ | |
| | အလေအလွင့် | ဧက | ၁၀၅၃၂ | ၁၃၁၂၂ | |
| | အခြားသုံး | ဧက | ၂၆၃၂၉ | ၃၂၈၀၅ | |
| | ပေါင်း | ဧက | - | - | |
| | ဆီကြိတ်ရန်ကျန်ရှိတင်း | တင်း | ၄၈၁၅၉၆ | ၆၀၁၄၀၆ | |
| ၆ | ဆီထွက်ပိဿာ | ပိဿာ | ၈၉၀၅၃၁ | ၁၂၈၃၂၉၃ | |
| ၇ | ဆီထွက်တန် | တန် | ၁၄၅၄ | ၂၀၉၆ | |
| ၈ | ဖူလုံမှု | **ရာခိုင်နှုန်း** | **၆၇.၈၉** | **၉၇.၈၅** | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ မိုးညှင်းမြို့နယ်၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ**

| စဉ် | ဇုန်အမည် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | -မရှိပါ- | | | | | | | |
| **မြို့နယ်ချုပ်** | | | | | | | | |

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | မြို့နယ်/ မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | ဆိတ်/ သိုး | ကြက် | ဘဲ | ဘဲငန်း မန်ဒါလီ |
|---|---|---|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၂၀၂၂-၂၀၂၃ | ၁၁၄၄၅ | ၇၇၁၃၈ | ၄၉၇၇၃ | ၁၄၅၈ | ၃၈၈၄၆၁ | ၈၇၁ | ၁၃၅၀ |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)**

| စဉ် | မြို့နယ်/ မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ဘဲငန်း မန်ဒါလီ |
|---|---|---|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၂၀၂၂-၂၀၂၃ | ၄၄၃ | ၄၁၂ | ၁၄၈၂၉၁၄ | ၁၆၉၂၀ | ၁၉၅၇၉၃၄ | ၄၉၀၁ | ၁၁၁၇၂ |

## (ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၂၀၂၂-၂၀၂၃ | ၁၀၄၆၇၉၄၇ | ၅၀၀၀၄ | - |

## (င) မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | နို့စားနွား(ကောင်ရေ) | နို့ထွက်(ပိဿာ) |
|---|---|---|---|---|
| ၁ | မိုးညှင်း | ၂၀၂၂-၂၀၂၃ | ၄၈၆ | ၉၄၆၅၃၄၈ |

## ( စ) မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု တန်ချိန် |
| ၁ | ၂၀၂၂-၂၀၂၃ | ၈၃ | ၈၃.၅၆၂ | ၁၂၈.၃၁၀ | - | - | - |

## (ဆ) ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်)

| စဉ် | မြို့နယ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံ အရေ အတွက် | လုပ်ငန်း အရေ အတွက် | ထုတ်လုပ်မှု (တန်) | လေလံ အရေ အတွက် | လုပ်ငန်း အရေ အတွက် | ထုတ် လုပ်မှု (တန်) |
| ၁ | မိုးညှင်း | ၅ | ၄ | ၁၇၄.၁၉၀ | - | - | - |
| **မြို့နယ်ချုပ်** | | **၅** | **၄** | **၁၇၄.၁၉၀** | **-** | **-** | **-** |

## စက်မှုလက်မှုလုပ်ငန်း

၂၆။ မိုးညှင်းမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ**

| စဉ် | စက်မှုဇုန်အမည် | စက်ရုံအမည် | ထုတ်လုပ်သည့်ပစ္စည်းများ |
|---|---|---|---|
| | -မရှိပါ- | | |
| **မြို့နယ်ချုပ်** | | | |

(ခ) **မြို့နယ်ရှိစက်ရုံများ**

| စဉ် | စက်ရုံအမည် | အမျိုးအစား | နိုင်ငံ/ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|
| ၁ | ဖြူစင် သောက်ရေသန့် | အသေးစား | ပုဂ္ဂလိကပိုင် | ၆ |
| ၂ | လမင်းသာသောက်ရေသန့် | ॥ | ॥ | ၁၄ |
| ၃ | ရွှေရှမ်း သောက်ရေသန့် | ॥ | ॥ | ၁၂ |
| ၄. | ဓမ္မဟာ သောက်ရေသန့် | ॥ | ॥ | ၄ |
| ၅ | ROYAL | ॥ | ॥ | ၁၂ |
| ၆ | ချိုကြီး သောက်ရေသန့် | ॥ | ॥ | ၁၅ |
| ၇ | တိမ်လုံ သောက်ရေသန့် | ॥ | ॥ | ၁၁ |
| ၈ | ပါရမီ သောက်ရေသန့် | ॥ | ॥ | ၅ |
| ၉ | TN စပါးချွေလှေ့စက်နှင့် စပါးခွံ ခဲတော်ငွေ့လုပ်ငန်း | အလတ်စား | ॥ | ၇ |

| စဉ် | စက်ရုံအမည် | အမျိုးအစား | နိုင်ငံ/ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|
| ၁၀ | ဘူးဂါးကုမ္ပဏီသစ်အချောထည် စက်ရုံ | အကြီးစား | ။ | ၂၀ |
| ၁၁ | ရာဇာထွန်းဆန်စက်၊ ဖွဲမီးစက်နှင့် လယ်ယာသုံးပစ္စည်းပြုပြင်ခြင်း | ။ | ။ | ၆ |
| ၁၂ | စိန်ကမ္ဘာဆန်စက်၊ဖွဲမီးစက်လုပ်ငန်း | အလတ်စား | ။ | ၁၀ |
| ၁၃ | မင်းသီဟဖွဲမီးစက်နှင့်လယ်ယာသုံး ပစ္စည်းပြုပြင်ခြင်း | ။ | ။ | ၃ |
| ၁၄ | ယူနီယံဆန်စက် | - | ။ | ၁၅ |
| | **မြို့နယ်ချုပ်** | | | **၁၄၀** |

## (ဂ) မြို့နယ်ရှိအလုပ်ရုံများ

| စဉ် | အလုပ်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|
| ၁ | -မရှိပါ- | | | | |
| | **မြို့နယ်ချုပ်** | | | | |

## (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သားအင်အား |
|---|---|---|---|
| ၁ | စက်ချုပ်လုပ်ငန်း | ၁၀ | ၄၃ |
| ၂ | ရွှေငွေပန်းတိမ်လုပ်ငန်း | ၂၄ | ၉၇ |
| ၃ | ပုံနှိပ်တိုက် | ၅ | ၃၀ |
| ၄ | မုန့်လုပ်ငန်း | ၉ | ၅၄ |

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သားအင်အား |
|---|---|---|---|
| ၅ | ဆန်စက် | ၃၆ | ၅၅ |
| ၆ | ဆီစက် | ၂ | ၁၇ |
| ၇ | ပန်းချီတံဆိပ်ရိုက် | ၃ | ၁၂ |
| ၈ | ရေခဲစက် | ၅ | ၂၀ |
| ၉ | ခေါက်ဆွဲစက် | ၁၀ | ၂၆ |
| ၁၀ | အမှုန့်ကြိတ်စက် | ၂ | ၆ |
| ၁၁ | အိမ်သုံးဘာယဆေး | ၃ | ၁၂ |
| ၁၂ | ပရိဘောဂ | ၁၈ | ၇၅ |
| ၁၃ | အုတ်ဖုတ်လုပ်ငန်း | ၁၅ | ၉၇ |
| ၁၄ | သစ်ခွဲခြင်း | ၁၄ | ၅၉ |
| ၁၅ | ဝါးထရံလုပ်ငန်း | ၃ | ၁၆ |
| ၁၆ | သံထည်သံပန်းလုပ်ငန်း | ၂၂ | ၁၃၀ |
| ၁၇ | ဆီတိုဟူးစက် | ၂၁ | ၆၃ |
| ၁၈ | ငါးပေါက်ယိုလုပ်ငန်း | ၆ | ၂၈ |
| ၁၉ | ကားဘော်ဒီ၊ဝပ်ရှော့၊တွင်ခုံ | ၁၆ | ၇၁ |
| ၂၀ | ကွန်ကရစ်ခွေ | ၇ | ၄၆ |
| ၂၁ | ခတ်ပုံ | ၉ | ၂၃ |
| **မြို့နယ်ချုပ်** | | **၂၄၀** | **၉၈၀** |

## သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၇။ မိုးညှင်းမြို့နယ် သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ (ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | ၄၁၆၇၈၆ | ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ ယင်းမာ၊ ယမနေ၊ ကညင် |
| ၂ | ကြိုးပြင် | ၁၉၃၈၂၃ | ဘိုင်၊ သရက်၊ တမာ၊ ကြေးလံ၊ စကားဝါ |
| **မြို့နယ်ချုပ်** | | **၆၁၀၆၀၉** | |

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း**

| စဉ် | စိုက်ပျိုးသူ | စိုက်ခင်း အမျိုးအစား | စိုက် ဧက | တည်နေရာ | အပင် အမျိုးအစား | အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | သစ်တောဦးစီးဌာန | နိုင်ငံပိုင် (စီပွားရေး) | ၁၀၀ | နန့်ပမောင်း ကြိုးဝိုင်း(၅) | ကျွန်း | ၅၄၀၀၀-ပင် |
| ၂ | သစ်တောဦးစီးဌာန | နိုင်ငံပိုင် (ကျေး/ထင်း) | ၂ | နန်းမား(၁၁) | မယ်ဇလီ | ၂၄၂၀-ပင် |

## (ဂ) **သစ်ထုတ်လုပ်မှု**

| စဉ် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ထုတ်လုပ်မှု(တန်) |
|---|---|---|---|---|
| ၁ | ကျွန်း | - | - | - |
| ၂ | ပျဉ်းကတိုး | - | - | - |
| ၃ | ပိတောက် | - | - | - |
| ၄ | ကညင် | - | - | - |
| ၅ | အင်/အင်ကြင်း | - | - | - |
| ၆ | အခြား | - | - | - |
| | **မြို့နယ်ချုပ်** | | - | - |

## (ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | တန် | ၅၂၀၀ |
| ၂ | မီးသွေး | ။ | ၂၀၀၀ |
| ၃ | ဝါး | လုံးရေ(၁၀၀) | ၁၃၀၅ |
| ၄ | ကြိမ် | ။ | - |
| ၅ | သစ်ခေါက် | ပိဿာ | ၁၆၇၅၀ |
| ၆ | လျှော် | ။ | ၇၈ |
| ၇ | အင်တွဲ/ပွဲညှပ် | ။ | ၇၂၀၀ |
| ၈ | ဓနိ | ဗျစ်(၁၀၀) | ၅၄ |
| ၉ | ပျားရည် | ပိဿာ | ၄၈၈ |
| ၁၀ | ပျားဖယောင်း | ။ | ၃၀ |

## တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း

၂၈။ မိုးညှင်းမြို့နယ်၏ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတ္တုတူးဖော်ထုတ်လုပ်မှု**

| စဉ် | ဓါတ်သတ္တု အမျိုးအစား | ထွက်ရှိသည့် ဒေသ | ထုတ်လုပ်မှု ပမာဏ (ထရိုင်အောင်စ) | ထုတ်လုပ်မှုတန်ဘိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| | မရှိပါ။ | | | |

(ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု**

| စဉ် | လုပ်ငန်းတည် နေရာ | ကျောက်မျက်ရတနာအမျိုးအစား | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကျောက်စိမ်း (ကီလိုထောင် ပေါင်း) | နီလာ | စိန် | ပတ္တမြား | ပုလဲ |
| ၁ | မရှိပါ။ | | | | | | | |
| မြို့နယ်ချုပ် | | | | | | | | |

## စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ

၂၉။ မိုးညှင်းမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက် အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်

| စဉ် | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရမှုစည် (ဂါလံ)ပေါင်း | |
|---|---|---|---|---|---|
| | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | သိန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင် | | ၂ | ၁၆၀၀ | ၁၆၀၀ |
| ၂ | ကံကြီးမောင်၊ မိတ်ဆွေကြီး | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၃ | Regency စက်သုံးဆီအရောင်းဆိုင် | | ၂ | ၁၆၇၀၀ | ၁၀၀၀ |
| ၄ | ASK စက်သုံးဆီ အရောင်း ဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၅ | ဒေါ်ဖော့စက်သုံးဆီအရောင်းဆိုင် | | ၂ | ၁၅၆၅၀ | ၆၈၆၅ |
| ၆ | ဖြိုးစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၁၆၀၀ |
| ၇ | ဒေါ်ရီရီမြင့်(မြတ်သဒ္ဒါဖြူ) | | ၁ | ၂၉၇၀ | ၂၉၇၀ |
| ၈ | လင်းလင်းသန့်စက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၉ | ရွှေတကွင်းစက်သုံးဆီအရောင်းဆိုင် | | ၁ | ၆၄၀၀ | ၆၄၀၀ |
| ၁၀ | စိန်ပန်းဖြူစက်သုံးဆီအရောင်းဆိုင် | | ၁ | ၁၆၀၀ | ၁၆၀၀ |
| ၁၁ | ဦးညီလေးစက်သုံးဆီအရောင်းဆိုင် | | ၁ | ၁၃၅၀ | ၁၅၂၀ |
| ၁၂ | ဦးနေမင်းထွန်း | | ၁ | ၁၅၀၀ | ၅၈၀၀ |
| ၁၃ | တော်ဝင်စက်သုံးဆီဆိုင်(ဒေါ်ငယ်) | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၁၄ | ရွှေထိပ်တန်းစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၁၅ | လှကေရီစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |

| စဉ် | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရမှု စည်(ဂါလံ)ပေါင်း | |
|---|---|---|---|---|---|
| | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁၆ | တက်ရီလင်းစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | - |
| ၁၇ | KMT စက်သုံးဆီအရောင်းဆိုင် | | ၁ | ၁၄၀၀ | ၁၅၀၀ |
| ၁၈ | ဒေါ်နုနုရီစက်သုံးဆီအရောင်းဆိုင် | | ၁ | ၁၃၀၀ | ၁၃၀၀ |
| ၁၉ | UAMစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၂၀ | TOP Star စက်သုံးဆီအရောင်းဆိုင် | | ၂ | ၁၉၂၀၀ | ၇၈၂၀ |
| ၂၁ | ထူးထက်နိုင်စက်သုံးဆီအရောင်းဆိုင် | | ၁ | ၁၀၀ | ၅၀၀ |
| ၂၂ | ရွှေလမင်းစက်သုံးဆီအရောင်းဆိုင် | | ၁ | ၂၅၀၀ | ၂၅၀၀ |
| ၂၃ | ဆန်းလိုက်(ဦးအောင်အောင်) | | ၁ | ၁၃၀၀ | ၁၃၀၀ |
| ၂၄ | ရွှေမြစ်ဆုံစက်သုံးဆီအရောင်းဆိုင် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၂၅ | မြင့်မြတ်စေတနာစက်သုံးဆီဆိုင် | | ၁ | ၁၇၀၀ | ၁၇၀၀ |
| ၂၆ | ရွှေပူး | | ၁ | ၃၂၀၀ | ၁၇၀၀ |
| ၂၇ | အောင်ကောင်းထက် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၂၈ | အောင်မြင်သစ် | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၂၉ | Super One | | ၁ | ၃၂၀၀ | ၃၂၀၀ |
| ၃၀ | BOC | | ၁ | ၃၂၀၀ | ၆၀၀၀ |
| ၃၁ | ဦးမောင်ဌေး | | ၁ | ၃၂၀၀ | ၃၂၀၀ |
| | **မြို့နယ်ချုပ်** | | **၃၅** | **၁၂၆၄၇၀** | **၉၂၀၇၅** |

(ခ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ**

| စဉ် | သဘာဝဓါတ်ငွေ့ ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရ ကုဗပေပေါင်း |
|---|---|---|---|---|
| ၁ | - **မရှိပါ-** | | | |

## ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း

၃၀။ မိုးညှင်းမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းလမ်း**

| စဉ် | လေဆိပ်/ရဟတ်ယာဉ်ကွင်းအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | - မရှိပါ- | | |
| **မြို့နယ်ချုပ်** | | | |

(ခ ) **ရေကြောင်းလမ်း**

| စဉ် | ရေကြောင်းလမ်း အမည် | မြို့နယ်အတွင်း | | အရှည် ရေမိုင် | ဆိပ်ကမ်း အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘောဆိပ် | အခြား |
| ၁ | - မရှိပါ- | | | | | |
| **မြို့နယ်ချုပ်** | | | | | | |

## (ဂ) ရထားလမ်းနှင့် ဘူတာရုံများ

| စဉ် | ရထားလမ်းအမည် | မြို့နယ်အတွင်း | | အရှည် မိုင် | ဘူတာ | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | ကြီး | သေး |
| ၁ | မန္တလေး-မြစ်ကြီးနား | နန့်စီးအောင် ၆၁၂/၃ | ကြာကြီးကွင်း ၆၅၅/၁၃ | ၄၄.၅၀ | ၄ | ၂ |
| မြို့နယ်ချုပ် | | | | **၄၄.၅၀** | **၄** | **၂** |

## (ဃ) ကားဂိတ်များ

### (၁) အခြေစိုက်ဂိတ်

| စဉ် | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲ သည့် ယာဉ်စီးရေ |
|---|---|---|---|---|
| ၁ | မြန်မာ့ဂုဏ် | မိုးညှင်း- ဖားကန့် | AD van | ၈ စီး |
| ၂ | ရွှေမိုးညှင်း | မိုးညှင်း- ဖားကန့်- မြစ်ကြီးနား | ST/AD van | ၁၀ စီး |
| | **စုစုပေါင်း** | | | **၁၈ စီး** |

### (၂) ကားဂိတ်

| စဉ် | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲ သည့် ယာဉ်စီးရေ |
|---|---|---|---|---|
| ၁ | ကြယ်တံခွန် | မန္တလေး-မြစ်ကြီးနား | EX | ၁စီး |
| ၂ | ထွန်းညီညီဦး | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၃ | ဂျိန်းဖေါရွှေမြေ | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၄ | မန္တလာမင်း | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |

| စဉ် | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲ သည့် ယာဉ်စီးရေ |
|---|---|---|---|---|
| ၅ | ဂျိန်းဖောသူ | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၆ | မိုးကောင်းကင် | မန္တလေး- မြစ်ကြီးနား | EX | ၂စီး |
| ၇ | မနော‌တံခွန် | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၈ | နန်းတော်ဝင် | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၉ | ရွှေမြစ်ဆုံ | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၀ | ဇန်းမော်မန်း | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၁ | မြတ်မန္တလာထွန်း | မန္တလေး- မြစ်ကြီးနား | EX | ၂စီး |
| ၁၂ | High Class | မန္တလေး- မြစ်ကြီးနား | EX | ၃စီး |
| ၁၃ | ဒုဋ္ဌဝတီမန်း | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၄ | မျိုးဆက်သစ် | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၅ | ရွှေကချင် | မန္တလေး- မြစ်ကြီးနား | EX | ၅စီး |
| ၁၆ | ရွှေဇင်ယော် | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၇ | ရွှေဥဒေါင်း | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| ၁၈ | ရွှေပြည်အိုး | မန္တလေး- မြစ်ကြီးနား | EX | ၁စီး |
| | | **စုစုပေါင်း** | | **၂၆** |

## လမ်းဦးစီးလုပ်ငန်းများ

၃၁။ လမ်းဦးစီးဌာနမှ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကားလမ်းများ**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်းအရှည်မိုင် |
|---|---|---|
| ၁ | ရွှေဘို-မြစ်ကြီးနားလမ်း | ၄၀/၃ |
| ၂ | မိုးညှင်းမြို့တွင်းလမ်း | ၅/၀ |
| ၃ | ဘီလူး-အုန်းစံဆိုင်-ကျောက်ဖြူ-နန့်မွန်းလမ်း | ၁၁/၀ |
| ၄ | မိုးညှင်း-နန်းမား-မြို့သစ်ကလေး- ဟိုပင်လမ်း | ၁၄/၀ |
| ၅ | ဟိုပင်-နန့်မွန်း-ညောင်ပင်-ဝေခါလမ်း | ၅၆/၀ |
| | **စုစုပေါင်း** | ၁၂၆/၃ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံ | ကွန်ကရစ် | |
| ၁ | ရွှေဘို-မြစ်ကြီးနားလမ်း (မိုးညှင်း-မိုးကောင်း) | ၄၀/၃ | ၄၀/၁ | - | - | ၀/၂ | |
| ၂ | မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင် | ၁၇/၀ | ၁၇/၀ | - | - | - | |

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံ | ကွန်ကရစ် | |
| ၃ | ဘီလူး-အုန်းစံဆိုင်-ကျောက်ဖြူ-နန့်မွန်းလမ်း | ၁၄/၀ | - | ၁၀/၅ | - | ၃/၃ | |
| ၄ | ဟိုပင်-နန့်မွန်း-ညောင်ပင်-ဝေခါလမ်း | ၅၆/၀ | ၃၁/၀ | ၁၀/၀ | ၁၄/၀ | ၁/၀ | |
| | **မြို့နယ်ချုပ်** | **၁၂၇/၃** | **၈၈/၁** | **၂၀/၅** | **၁၄/၀၀** | **၄/၅** | |

(ဂ) **တံတားများ**

(၁) **ပေ(၁၈၀)အထက်တံတားများ**

| စဉ် | တံတား အမည် | အရှည် (ပေ) | အမျိုးအစား | တည်ဆောက်သည့်ခုနှစ် | သွားလာနိုင်သည့် ယာဉ်(ကား/ရထား) |
|---|---|---|---|---|---|
| ၁ | (၅/၃)မိုးညှင်းမြို့လယ်တံတား | ၂၀၀ | RPTသံဘောင် | | ကား |
| ၂ | (၁/၁၉၉)နန့်ရင်းချောင်းတံတား | ၃၀၀ | R-C | ၂၀၁၄-၂၀၁၅ | ကား |
| ၃ | သရက်ချောင်းတံတား | ၂၀၀ | သံဘောင် | ၂၀၀၃ | ကား |
| ၄ | နန်းခွင် | ၃၅၀ | Hzo | ၂၀၁၀ | ကား |

## (၂) ပေ(၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ(၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုးအစား | တည်ဆောက်သည့်ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ ရထား) | ပေ(၅၀)အောက် တံတား အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | ၁/၁၇၅ | ၁၀၀ | ကွန်ကရစ် | | ကား | ၆၇၈(စင်း) |
| ၂ | ၄/၁၇၇ | ၅၀ | ကွန်ကရစ် | | ကား | |
| ၃ | ၁/၁၈၆ | ၁၀၀ | သံကူကွန်ကရစ် | | ကား | |
| ၄ | ၂/၁၈၈ | ၅၀ | သံကူကွန်ကရစ် | | ကား | |
| ၅ | ၆/၁၈၉ | ၅၀ | ကွန်ကရစ် | | ကား | |
| ၆ | ၇/၁၈၉ | ၅၀ | ကွန်ကရစ် | | ကား | |
| ၇ | ၁၀/၂၀၁ | ၉၀ | သံကူကွန်ကရစ် | | ကား | |
| ၈ | ၉/၂၀၂ | ၉၀ | ကွန်ကရစ် | | ကား | |
| ၉ | ၅/၂၀၃ | ၁၂၀ | ကွန်ကရစ် | | ကား | |
| ၁၀ | ၄/၂၀၄ | ၁၂၀ | ကွန်ကရစ် | | ကား | |
| ၁၁ | ၂/၂၀၆ | ၅၀ | သံကူကွန်ကရစ် | | ကား | |
| ၁၂ | ၅/၂၀၆ | ၆၀ | ကွန်ကရစ် | | ကား | |
| ၁၃ | ၃/၂၀၉ | ၁၂၄ | ကွန်ကရစ် | | ကား | |
| ၁၄ | ၂/၂၁၀ | ၅၀ | ကွန်ကရစ် | | ကား | |
| ၁၅ | ၇/၂၁၀ | ၅၀ | ကွန်ကရစ် | | ကား | |
| ၁၆ | ၁/၂၁၂ | ၁၄၀ | သံကူကွန်ကရစ် | | ကား | |
| ၁၇ | ၁/၂၁၃ | ၁၄၀ | ကွန်ကရစ် | | ကား | |
| ၁၈ | ၁/၂၂၉ | ၅၀ | သံကူကွန်ကရစ် | | ကား | |
| ၁၉ | ၂/၂၂၃ | ၅၀ | သံကူကွန်ကရစ် | | ကား | |
| ၂၀ | ၂/၇ | ၆၀ | ကွန်ကရစ် | | ကား | |
| ၂၁ | ၃/၄ | ၆၀ | ကွန်ကရစ် | | ကား | |
| ၂၂ | ၃/၄ | ၁၀၀ | ကွန်ကရစ် | ၂၀၁၆ | ကား | |

| စဉ် | ပေ(၅၀)မှ(၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုးအစား | တည်ဆောက်သည့်ခုနှစ် | သွားလာနိုင်သည့် ယာဉ် (ကား/ရထား) | ပေ(၅၀) အောက် တံတား အရေအတွက် |
|---|---|---|---|---|---|---|
| ၂၃ | ၂/၇ | ၆၀ | ကွန်ကရစ် | ၂၀၁၆ | ကား | |
| ၂၄ | ၇/၁၀ | ၆၀ | ကွန်ကရစ် | ၂၀၁၆ | ကား | |
| ၂၅ | ၂/၁၀ | ၅၀ | ကွန်ကရစ် | | ကား | |
| ၂၆ | ၃/၁၀ | ၁၀၀ | ကွန်ကရစ် | ၂၀၁၆ | ကား | |
| ၂၇ | ၂/၁၂ | ၉၀ | ကွန်ကရစ် | | ကား | |
| ၂၈ | ၃/၁၆ | ၁၀၀ | ကွန်ကရစ် | | ကား | |
| ၂၉ | ၄/၁၅ | | Bored Pile | | ကား | |
| ၃၀ | ၄/၂၁ | ၁၀၀ | ကွန်ကရစ် | | ကား | |
| ၃၁ | ၄/၂၅ | | ကွန်ကရစ် | | ကား | |
| ၃၂ | ၁/၂၅ | ၁၀၀ | ကွန်ကရစ် | | ကား | |
| ၃၃ | ၁/၅၄ | | ကွန်ကရစ် | | ကား | |
| ၃၄ | ၂/၆၁ | | ကွန်ကရစ် | | ကား | |
| ၃၅ | ၃/၄၀ | ၁၀၀ | ကွန်ကရစ် | | ကား | |
| ၃၆ | ၆/၄၅ | ၁၀၀ | ကွန်ကရစ် | ၂၀၁၇ | ကား | |
| ၃၇ | ၄/၅၃ | ၆၀ | ကွန်ကရစ် | ၂၀၁၇ | ကား | |
| | **မြို့နယ်ချုပ်** | | **(၃၇)စင်း** | | | **၆၇၈(စင်း)** |

## (ဃ) လမ်းတံတားသုံးစက်ကိရိယာများ

| စဉ် | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သား ဦးရေ |
|---|---|---|---|---|---|
| | မြေထိုးစက် | မြေကော် စက် | မြေကြိတ် စက် | မြေသယ် ယာဉ် | |
| ၁ | - | ၃ | ၂ | ၁၁ | ၂၀၀ |
| **မြို့နယ် ချုပ်** | **-** | **၃** | **၂** | **၁၁** | **၂၀၀** |

## (င ) လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း

| စဉ် | တိုးဂိတ် အမည် | တည်နေရာ | လမ်း/တံတား အရှည် | | ကုမ္ပဏီ/အဖွဲ့အစည်း/ လူပုဂ္ဂိုလ် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | နန့်စီးအောင် | ရွှေဘို-မြစ်ကြီးနား | ၁၇၄/၀ | ၂၁၄/၄ | ဒေါ်ချိုလွင်ထွေး (ရွှေနိုင်ငံကုမ္ပဏီ) |
| ၂ | မြို့မမြောက် မြို့ဝင်ဂိတ် | ၂၁၀/၄ | ၂၀၄/၀ | ၂၁၅/၀ | ဦးဇော်ဝင်း |
| ၃ | တကွင်းဂိတ် | ရွှေဘို- မြစ်ကြီးနား | ၂၀၄/၀ | ၂၁၅/၀ | ဦးဇော်ဝင်း |
| ၄ | နန့်ခွင် တံတားဂိတ် | ၂၁၄/၁ | ၃၅၀' | | ဒေါ်လုမိုင် |
| | **မြို့နယ်ချုပ်** | **(၄)နေရာ** | | | |

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

၃၂။ မိုးညှင်းမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ဟိုတယ်**

| စဉ် | ဟိုတယ်အမည် | ဟိုတယ် | | အဆင့် | အခန်းပေါင်း |
|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | | |
| ၁ | ဟိုတယ်မိုးညှင်း | - | ပုဂ္ဂလိကပိုင် | - | ၁၈ |
| ၂ | အရှေ့ခြမ်းဟိုတယ် | - | ပုဂ္ဂလိကပိုင် | - | ၂၀ |
| ၃ | ငွေပင်လယ်ဟိုတယ် | - | ပုဂ္ဂလိကပိုင် | | ၃၂ |
| မြို့နယ်ချုပ် | | | ၃ ခု | | ၇၀ |

(ခ) **မိုတယ်၊ အင်း၊ တည်းခိုခန်း**

| စဉ် | မိုတယ် အရေအတွက် | အင်း အရေအတွက် | တည်းခိုခန်း အရေအတွက် |
|---|---|---|---|
| **၁** | - | - | ၁၈ |

(ဂ) **ကမ်းခြေနှင့် အပန်းဖြေနေရာများ**

| စဉ် | ကမ်းခြေ/အပန်းဖြေ နေရာအမည် | တည်နေရာ |
|---|---|---|
| ၁ | **စိမ်းလဲ့ရတနာပန်းခြံ** | **အောင်သပြေရပ်ကွက်** |
| **မြို့နယ်ချုပ်** | **၁** | **၁** |

**သမဝါယမအသင်းများ**

၃၃။ မိုးညှင်းမြို့နယ်တွင်ရှိသော သမဝါယမအသင်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| **စဉ်** | **သမဝါယမ အသင်းပေါင်း** | **သမဝါယမ အသင်းစုပေါင်း** | **မှတ်ချက်** |
|---|---|---|---|
| **၁** | ၁၁၄ | ၁ | |
| **မြို့နယ်ချုပ်** | **၁၁၄** | **၁** | |

## စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ

၃၄။ မိုးညှင်းမြို့နယ်တွင်ရှိသောစီးပွားရေးဆိုင်ရာအခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ

#### (၁) ကုမ္ပဏီများ

| စဉ် | ကုမ္ပဏီအမည် | ဆောင်ရွက်သည့်လုပ်ငန်း | တည်နေရာ |
|---|---|---|---|
| ၁ | မိုးညှင်းဒေသရှမ်းနီဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ | လမ်း၊တံတား အဆောက်အဦ | မိုးညှင်းမြို့ |
| ၂ | ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် | လမ်း၊တံတား အဆောက်အဦ | မိုးညှင်းမြို့ |
| ၃ | ဂရုဏာမိုးကုမ္ပဏီလီမိတက် | အဆောက်အဦ | မိုးညှင်းမြို့ |
| ၄ | ဟိန်းဖြိုးစံကုမ္ပဏီလီမိတက် | အဆာက်အဦ | မိုးညှင်းမြို့ |
| ၅ | မြတ်သဒ္ဒါဖြူကုမ္ပဏီလီမိတက် | လမ်း၊တံတား | မိုးညှင်းမြို့ |

#### (၂) ကုန်စည်ဒိုင်များ

| စဉ် | ကုန်စည်ဒိုင်အမည် | ရောင်းဝယ်သည့်ပစ္စည်းများ | တည်နေရာ |
|---|---|---|---|
